# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## ပဉ္စမနေ့အစီအစဉ်

## (၂၅ – ၉ –၂၀၂၆ ) (သောကြာနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးညွန့်ဝင်း၊ မြစ်ကြီးနားမဲဆန္ဒနယ်၏ **မန္တလေး– မြစ်ကြီးနား သွား/ပြန် လေယာဉ်ခရီးစဉ်များ တိုးချဲ့ပေးရန်နှင့် လေယာဉ်ခ မှောင်ခိုဈေးကွက်အား ထိန်းချုပ်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစန်းမောင်၊ ဘိုကလေးမဲဆန္ဒနယ်၏ **တောင်သူများအတွက် လယ်ယာ လုပ်ငန်းသုံး စက်သုံးဆီများကို ဆီဆိုင်များမှ ဆီဝယ်စာအုပ်များဖြင့် ဝယ်ယူ ရောင်းချပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးထွန်းလွင်၊ ချောင်းဦးမဲဆန္ဒနယ်၏ **ချောင်းဦးမြို့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများအတွက် အမှုထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးကိုကိုဦး၊ ချမ်းမြသာစည်မဲဆန္ဒနယ်၏ **ချမ်းမြသာစည်မြို့နယ် တန်ဖိုးနည်း အိမ်ရာအတွင်း ရပ်ကွက်ကြီး (၁၅) ရပ်ကွက်အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးမျိုး (ခ) ဦးမျိုးအောင်၊ ပြည်မဲဆန္ဒနယ်၏ **ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်မီးသတ်စခန်း၌ ဝန်ထမ်းလိုင်းခန်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးဇော်နိုင်၊ စလင်းမဲဆန္ဒနယ်၏ **စလင်းမြို့နယ်၊ တောစိမ့်ကျေးရွာအုပ်စု၊ တောစိမ့်အနောက်ဘက် ဦးပိုင်ရှိ ယာမြေပေါ်တွင် ကျေးရွာအမည်မရှိသော ရွာအား "ချမ်းငြိမ်းအေးသာယာ"ရွာအဖြစ် အမည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးလှဝင်းဦး၊ ပခုက္ကူမဲဆန္ဒနယ်၏ **ပခုက္ကူမြို့၊ ကွဲတဲကျေးစု၊ ဦးပိုင်အမှတ် (၃၀-ခ)ရှိ မြေဧရိယာ (၆၄.၂၂)ဧကအား မြေ လိုအပ်ချက်ရှိနေသည့် ဌာနဆိုင်ရာများ အသုံးပြုနိုင်ရေးအတွက် ခွင့်ပြုပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးကိုကိုသင်း၊ ကမာရွတ်မဲဆန္ဒနယ်၏ **ရန်ကုန်မြို့ပြအတွင်း BOT စနစ်ဖြင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ လမ်းဘေးဈေးသည်များအား နေရာချထားပေးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ဖြေရှင်းပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးကျော်မြင့်နိုင်၊ နောင်ချိုမဲဆန္ဒနယ်၏ **နောင်ချိုမြို့ရှောင်လမ်း စီမံကိန်းနှင့် ပတ်သက်၍ မည်သို့လျာထားစီမံထားသည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးကျော်သန်း၊ မာန်အောင်မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်၊ ဇရပ်ကုန်းခင်ရွာမှ မျှော်တော်ဦးအထိ လမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးကျော်မင်းထွန်း၊ ဇီးကုန်းမဲဆန္ဒနယ်၏ **ဇီးကုန်းမြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ဇီးကုန်း- သင်ကန်- ရွှေဖလားလမ်း၊ ရွှေကြို့ပင်မှ ရွှေဖလားကျေးရွာထိ ကွန်ကရစ်လမ်းအား မည်သည့်အချိန်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဦးဇော်မင်း၊ ကျုံပျော်မဲဆန္ဒနယ်၏ **ကျုံပျော်မြို့နယ်၊ အောင်လံစုလမ်းဆုံမှ ကျုံတနီးရွာအထိ လမ်းပိုင်းအား ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဍ) ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်၏ **အုတ်ဖိုနှင့် မိုးညိုမြို့နယ်များ ဆက်သွယ်ထားသည့် မြစ်မခ မြစ်ကူးတံတား(တက်ဆွဲ)အား မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဎ) ဦးမြင့်ကို၊ တနိုင်းမဲဆန္ဒနယ်၏ **တနိုင်းမြို့နယ် နမ္မတီး- တနိုင်း- ပန်ဆောင် လမ်းမပေါ်ရှိ ကောင်းရာကျေးရွာမှ ဂျာဘူတောင်အထိ ကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။